ကောပစ္စည်းဖြင့် ပြီးသော သမ္မာဒေဟိပုဒ်သည် "သမ္ပန္နံ-သမန္နာ-ဂတံ" တို့ကဲ့သို့ ဤနေရာ၌ သဟာဒိယောဂကို ငဲ့သော သဟာ-ဒိယောဂဝန္တပုဒ် မဟုတ်၊ "ပါသာဒိကေန သမ္မာဒေဟိ–ကြည် ညိုဘွယ်ကိုဆောင်သော ကိုယ် နှုတ်အမူအရာဖြင့် ၃-ပါးသော သိက္ခာကို ပြီးစီးစေလော=ပြီးစီးအောင် အားထုတ်လော" ဟုသာ တိုက်တွန်းခြင်းဖြစ်သည်၊ အများသုံးရိုး အနက် အားဖြင့် "သမ္မာဒေဟိ– ပြည့်စုံစေလော" ဟု ပေးစေကာမူ "တိဝိဓသိက္ခံ"ဟူသော ကာရိတ်ကံကိုကား ထည့်ရမည်သာ၊ "အပ္ပမာဒေန သမ္ပာဒေထ"ဟု လာရာ၌လည်း ဤနည်း ပင်တည်း။

**အာမဘန္တေ။** ။ဥပဇ္ဈာယ်ဆရာက "ပါသာဒိကေန သမ္မာ-ဒေဟိ"ဟု ဆို၍ ဥပဇ္ဈာယ်ပေးပြီးသော အခါ ယခုခေတ်၌ "အာမ ဘန္တေ"ဟု တပည့်က ဝန်ခံစကား ဆိုကြသေး၏၊ ထိုစကားသည် လိုရင်းမဟုတ်၊ တပည့်က ဥပဇ္ဈာယ်ယူခြင်း, ဆရာက ဥပဇ္ဈာယ်ပေးခြင်း ဤ ၂-မျိုးသာ လိုရင်းဖြစ်သည်၊ ထို့ကြောင့် မဟာဝါအဋ္ဌကထာ (ဥပဇ္ဈာယ-ကထာ)၌ "အာယာစနဒါနမတ္တေန ဟိ ဂဟိတော ဟောတိ ဥပဇ္ဈာယော=တပည့်က ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဟု တောင်းပန်ခြင်း၊ ဆရာက ဥပဇ္ဈာယ်ပေးခြင်းမျှဖြင့် ဥပဇ္ဈာယ် ယူပြီး (ဥပဇ္ဈာယ်ဆရာဟု အသိအမှတ်ပြုပြီး)ဖြစ်တော့သည်၊ န တွေ့ သမ္ပဋိစ္ဆနံ အင်္ဂံ=ဤ ဥပဇ္ဈာယ်ယူရာ၌ တပည့်က "သာဓု"ဟု ဆို၍ ဖြစ်စေ "အာမ ဘန္တေ"ဟု ဆို၍ ဖြစ်စေ ဝန်ခံခြင်းသည် လိုရင်းအင်္ဂါမဟုတ်"ဟု မိန့်တော်မူသည်။